# ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

## အတွဲ ၁ ပဋိပက္ခကို နားလည်ခြင်း

### ဆရာလက်စွဲ

"ပဋိပက္ခနှင့် ငြိမ်းချမ်းရေးသဘောတရား" စာအုပ်သည် မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများ အသိပညာပေး သင်တန်းများအတွက် ရည်ရွယ်ပြုစုထားသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးသင်ရိုး ဖြစ်သည်။ ၎င်းသင်ရိုးတွင် အပိုင်းနှစ်ပိုင်း (စာအုပ်နှစ်အုပ်) ပါဝင်ပြီး စာအုပ်နှစ်ခုစလုံးကို သင်ရိုးတစ်ခုတည်းအဖြစ် တွဲဖက်အသုံးပြုပါက အကောင်းဆုံး ဖြစ်သည်။

အပိုင်း (၁) သည် "ပဋိပက္ခသဘောကို နားလည်ခြင်း" ဖြစ်ပြီး ပဋိပက္ခကို သရုပ်ခွဲဆန်းစစ်သည့် နည်းလမ်းများ၊ အဆိုပါ ပဋိပက္ခများကို အပြုသဘောနည်းဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အပျက်သဘောနည်းဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းချက်များကို ဖော်ပြပေးထားသည်။ ၎င်းအပိုင်းသည် အောက်ပါ မေးခွန်းတို့အပေါ် အဓိက အာရုံစိုက်ထားခြင်း ဖြစ်သည်။

- ပဋိပက္ခဟူသည် အဘယ်နည်း။
- ပဋိပက္ခသည် မည်သည့် ဇစ်မြစ်များမှ ပေါ်ပေါက်လာတတ်သနည်း။
- အပျက်သဘောဆောင် ပဋိပက္ခများကို အပြုသဘောဆောင် ပဋိပက္ခများအဖြစ်သို့ မည်သည့်နည်းဖြင့် အသွင်ပြောင်းလဲပစ်နိုင်ပါသနည်း။

အပိုင်း (၂) သည် "ငြိမ်းချမ်းရေးသဘောကို နားလည်ခြင်း" ဖြစ်ပြီး အကြမ်းဖက်မှုများကို လျှော့ချခြင်း၊ ပဋိပက္ခကို အသွင်ပြောင်းလဲယူခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ နည်းလမ်းများကို ရှင်းပြပေးထားသည်။ ၎င်းက အောက်ပါ မေးခွန်းများအပေါ် အာရုံစိုက်ထားခြင်း ဖြစ်သည်။

- ငြိမ်းချမ်းရေးဟူသည် အဘယ်နည်း။
- ပဋိပက္ခရှိနေသော လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး ရနိုင်ပါသလား။
- လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ရရှိနိုင်ပါသနည်း။

အရေးပါသော သဘောတရားအားလုံးကို မြန်မာ့ရေးရာ အထူးပြုလေ့လာမှုကဏ္ဍများမှတစ်ဆင့် သရုပ်ဖော် ရှင်းလင်းပေးထားသည်။ ၎င်းကဏ္ဍသည် စာဖတ်သူများအား စာအုပ်ပါ အယူအဆများကို မိမိနိုင်ငံ၊ မိမိတို့အခြေအနေအသီးသီးနှင့် ဆက်စပ်စဉ်းစားသုံးသပ်နိုင်စေရန် အထောက်အကူ ပေးနိုင်သည်။

၎င်းစာအုပ်နှင့် တွဲဖက်အသုံးပြုနိုင်ရန် ဆရာလက်စွဲစာအုပ်ကိုလည်း ပြုစုပေးထားပြီး ဆရာလက်စွဲစာအုပ်တွင် ညွှန်ကြားချက်များ၊ သင်ထောက်ကူ လုပ်ငန်းများအတွက် သင်ကြားရေးဆိုင်ရာ မှတ်စုများ၊ အဖြေများနှင့် အပိုဖြည့်စွက် လုပ်ဆောင်ရန် လုပ်ငန်းများ ထည့်သွင်းပေးထားသည်။

| | |
|---|---|
| **အနာဂတ်ပုံရိပ်** | **မြန်မာနိုင်ငံမှ လူအားလုံး အရည်အသွေးပြည့်သော၊ အားလုံးပါဝင်နိုင်သော ပညာရေး ရရှိရမည်။** |
| **အဓိက လုပ်ငန်းစဉ်** | **အရွယ်ရောက်ပြီးသူ ပညာရေးကဏ္ဍအတွက် ရပ်ရွာဒေသအခင်းအကျင်းနှင့် ဆီလျော်သော ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများနှင့် ဝန်ဆောင်မှုများ ပေးခြင်းအားဖြင့် တရားမျှတသော လူမှုအသိုင်းအဝန်းတစ်ခု ဖော်ဆောင်ရန်။** |